နေထွက်ရာနေ့များအနက် အမွန်မြတ်ဆုံးနေ့မှာ
ဂျုမုအဟ်(သောကြာ)နေ့ဖြစ်သည်
အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ နေထွက်ရာနေ့များအနက်
အမွန်မြတ်ဆုံးနေ့မှာ ဂျုမုအဟ်(သောကြာ)နေ့ဖြစ်သည်။ ထိုနေ့တွင် အာဒမ်
(အလိုင်းဟိစ္စလာမ်)သည် ဖန်ဆင်းခြင်းခံခဲ့ရပြီး၊ ထိုနေ့မှာပင် သူ့အား ဂျန္နသ်သို့
ဝင်ရောက်ခွင့်ပေးခြင်းခံခဲ့ရပြီး ထိုနေ့မှာပင် ဂျန္နသ်မှ
ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ထို့ပြင် ကိယာမသ်နေ့သည်လည်း ထိုနေ့မှာပင်
ဖြစ်ပေါ်လာမည်ဖြစ်သည်။
[صحيح] [رواه مسلم]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်မှာ
နေထွက်ရာနေ့များအနက် အမွန်မြတ်ဆုံးနေ့မှာ ဂျုမုအဟ်(သောကြာ)နေ့ပင်ဖြစ်သည်။
ထိုနေ့၏ထူးခြားချက်များထဲမှ အချို့မှာ - အလ္လာဟ်အရှင်မြတ်သည် ထိုနေ့တွင်
အာဒမ်(အလိုင်းဟိစ္စလာမ်)အား ဖန်ဆင်းတော်မူခဲ့သည်။ ထိုနေ့တွင်ပင် သူ့အား
ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေတော်မူခဲ့သည်။ ထိုနေ့တွင်ပင် သူ့အား ဂျန္နသ်မှ
ထုတ်ပယ်တော်မူခဲ့ပြီး ကမ္ဘာမြေ‌ပေါ်သို့ ချတော်မူခဲ့သည်။ ထို့ပြင် ကိယာမသ်နေ့သည်လည်း
ဂျုမုအဟ်နေ့၌သာလျှင် ဖြစ်မည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/3711